# ALCOHOL & DRUG SUPPORT LINE




**အရက်နှင့် မူးယစ်ဆေးဝါး ပံ့ပိုးမှု ဖုန်းလိုင်း**

၎င်းသည် လူများအား ကူညီရန်အတွက် တယ်လီဖုန်းလိုင်းတစ်ခုဖြစ်သည်။ အကယ်၍ သင့်တွင် မူးယစ်ဆေးဝါး သို့မဟုတ် အရက်/အရက်ပြင်း အသုံးပြုမှုနှင့်ပတ်သက်၍ စိုးရိမ်ပူပန်လျှင် တစ်စုံတစ်ယောက်နှင့်စကား ပြောဆိုရန်အတွက် သင် ဖုန်းခေါ်နိုင်ပါသည်။ အကယ်၍ သင်နှင့်နီးစပ်သူတစ်စုံတစ်ယောက်တွင် ပြဿနာရှိလျှင်လည်း ကျွန်ုပ်တို့ စကားပြောဆိုနိုင်ပါသည်။ ကျွန်ုပ်တို့သည် သင့်အား ဝေဖန်မည် မဟုတ်ပါ၊ သင့်အား နားထောင်ရန်ဖြစ်ပါသည်။ ကျွန်ုပ်တို့သည် သတင်းလျှို့ဝှက် လုပ်ပေးသည့် ဝန်ဆောင်မှုတစ်ခု ဖြစ်သည်။ သင်သည် သင့်နံမည်ကို ကျွန်ုပ်တို့အား ပြောရန်မလိုပါ၊ ကျွန်ုပ်တို့ သင့်ကိုယ်ရေး သီးခြားရှိမှုကို လေးစားပါမည်။

ကျွန်ုပ်တို့၏ ဝန်ဆောင်မှုကို တစ်ရက် 24 နာရီလုံး ရရှိနိုင်ပါသည်။ ကျွန်ုပ်တို့ကို ဖုန်း **9442 5000** ဖြင့်ခေါ်ပါ သို့မဟုတ် နယ်စွန်ဒေသများမှ ဖုန်း **1800 198 024** ဖြင့်ခေါ်ပါ။ အကယ်၍ သင် ဖုန်းခေါ်ခကို စိုးရိမ်နေလျှင် ကျွန်ုပ်တို့ သင့်အား အမြဲတမ်းအားဖြင့် ဖုန်းပြန်ခေါ် ပေးနိုင်ပါသည်။

သို့မဟုတ် သင် ကျွန်ုပ်တို့အား
**alcoholdrugsupport@mhc.wa.gov.au**
ဖြင့်အီးမေးလ်ပို့နိုင်သည်။

L Card Burmese.indd 1 10/10/2019 9:02:27

ကျွန်ုပ်တို့သည်-

- သင်နှင့်သင့်မိသားစုအပေါ် အရက်/အရက်ပြင်း သို့မဟုတ် မူးယစ်ဆေးများမှာ မည်သို့ပြဿနာဖြစ်နေစေသည်ကို နားထောင်ပေးနိုင်သည်။
- အရက်/အရက်ပြင်း နှင့် မူးယစ်ဆေး အသုံးပြုမှုနှင့်ပတ်သက်သည့် သတင်းအချက်အလက်များနှင့် အချင်းအရာများကို သင့်အား ပေးနိုင်ပါသည်။
- သင် မည်သည့်အကူအညီကို လိုအပ်နိုင်ကြောင်း ဆုံးဖြတ်ရန် သင့်အား နားထောင်ပေးနိုင်ပြီး ပံ့ပိုးပေးနိုင်ပါသည်။
- ဤကဲ့သို့သော ပြဿနာအမျိုးအစားများကို ကူညီပေးနိုင်သည့် ဒေသတွင်း ဝန်ဆောင်မှုလုပ်ငန်းအကြောင်း သင့်အား ပြောပြပေးနိုင်ပါသည်။

ကျွန်ုပ်တို့သည် စကားပြန်များကို သုံးပါသည် ထို့ကြောင့် အကယ်၍ သင်သည် အင်္ဂလိပ်စကား မပြောတတ်လျှင် သို့မဟုတ် စကားပြန်ကို သုံးခြင်းဖြင့် ပိုမိုအဆင်ပြေလျှင် စကားပြန် ရရှိနိုင်ပါသည်။ သင်သည် ဘာသာပြန်နှင့် စကားပြန် ဝန်ဆောင်မှု (Translating and Interpreting Service (TIS National) ကို ဖုန်း **13 14 50** ဖြင့် ခေါ်နိုင်ပြီး အရက်နှင့်မူးယစ်ဆေး ပံ့ပိုးမှု ဖုန်းလိုင်း (Alcohol and Drug Support Line) ကိုဖုန်း **(08) 9442 5000** ဖြင့်ခေါ်၍ စကားပြောလိုကြောင်း ပြောပါ။




Government of **Western Australia**
**Mental Health Commission**